Erata Team

# ကူးပြောင်းလာပြီးနောက် ဘောစ်တွေက ငါလေးကို အပင်စိုက်ပို့ တောင်းပန်နေလေရဲ့

(ရှန်းထင်ရှမ်း)

စာစဉ် - ၄

## အပိုင်း (၆၁)

လုမင်ဟွေ့ရောက်လာချိန်၌ သူကလည်း လမုန့်တစ်ဘူး ပေးခဲ့သည်။ "မစ္စရှန်း ဒါက ကျွန်တော်တို့ ကုမ္ပဏီက ဆောင်းဦးပွဲတော်လက်ဆောင်ပါ "

လုမင်ဟွေ့ သယ်လာသည့် လမုန့်ဘူးက အလွန်လှပသည်။ "ကျေးဇူးတင်ပါတယ် "

လုမင်ဟွေ့နှင့် ကျန်သည့်သူများသည် သစ်သီးချိန်တွယ်ပြီးနောက် ရှန်းထင်ရွှမ်းသည် တောင်ခြေတွင် သူတို့အတွက် ဟင်းသီးဟင်းရွက်အချို့ သွားခူး၏။

သူတို့ထွက်သွားပြီးနောက် ရှန်းထင်ရွှမ်းသည် ဆက်လက်စိုက်ပျိုးသည်။ ဤတောင်ပေါ်၌ သူမ စိုက်ပျိုးပြီးရန် တစ်နှစ်လောက် အချိန်ယူရမည်။

မွန်းတည့်ချိန်၌ ရှန်းထင်ရွှမ်းက လုမင်ဟွေ့ ပို့ပေးလိုက်သည့် လမုန့်ကို ဖွင့်ကြည့်လိုက်သည်။ လမုန့်ကို တစ်ကိုက်ကိုက်ကြည့်လိုက်ရာ အရသာက အဆင်ပြေသော်လည်း ဒုတိယတစ်ကိုက်က သူမကို အနည်းငယ် အီသွားစေ၏။

လမုန့်တစ်ခုလုံးကို စားကြည့်ရန် ကြိုးစားပြီးနောက် ကျရှုံးသွားကာ ရှန်းထင်ရွှမ်းသည် ဆက်မစားတော့ပေ။

ကျိုကျိုသည် ရှန်းထင်ရွှမ်းက လမုန့်ကို လွှင့်ပစ်လိုက်တာကို မြင်သောအခါ ပြောလိုက်၏။ "အားရွှမ်း ဒါကို မစားတော့ဘူးလား "

"အင်း ချိုလွန်းတယ် " ကြည့်ရသည်မှာ ယနေ့ခေတ်၏ လမုန့်များက ချို

လွန်းနေပြီး အီစေပုံပေါ်၏။

ကိုကို။ "ဒါဆို သူငယ်ချင်းတစ်ယောက်အတွက် စားဖို့ သယ်သွားလို့ရမလား "

"ရတယ် "

"ကျေးဇူးပါ အားရှမ်း "

သို့သော် ဆိုရလျှင် ကိုကိုက ငှက်လေးတစ်ကောင်သာ ဖြစ်လေရာ တစ်ကြိမ်လျှင် လမုန့်အနည်းငယ်သာ ယူပြီး ပျံသန်းနိုင်၏။ အကြိမ်ကြိမ်အခါခါ သွားပြီးနောက် ပင်ပန်းလွန်းနေသည်။ "အားရှမ်း ငါ့ရဲ့ မိတ်ဆွေကို လာစားခိုင်းလို့ရမလား "

"ရတာပေါ့ "

ခဏအကြာတွင် အဝေးကနေ ငှက်တစ်ကောင်ပျံသန်းလာတာကို ရှန်းထင်ရှမ်း တွေ့လိုက်ရ၏။

သို့သော် အနားသို့ရောက်လာပြီးနောက် ရှန်းထင်ရှမ်းသည် ကိုကိုဘေး၌ ပျံသန်းနေသည်က သာမန်ငှက်တစ်ကောင် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းတွေ့လိုက်ရသည်။

ကိုကိုက ရှန်းထင်ရှမ်းရှေ့၌ အတောင်ပံခတ်လျက် ပြောလိုက်သည်။

"အားရှမ်း ဒါက ငါ့ရဲ့ သူငယ်ချင်း ရင်ရင် "

တစ်ဖက်တွင်မူ ရင်ရင်က ထူးမခြားနားဖြစ်ပုံပေါ်၏။ သူက ရှန်းထင်ရှမ်း၏ လမုန့်များကို စားပြီးလျှင် မည်သည့် ကျေးဇူးတင်ရှိမှုမှ မပြပေ။

ရှန်းထင်ရှမ်းသည် နောက်ဆုံး၌ ကိုကိုဘေး၌ မျိုးစိတ်အမှန်ကို အမှန်တကယ် ရှာတွေ့သွား၏။

"ရင်လုံလား "

ရင်ရင်က ရှန်းထင်ရွှမ်းကို ပြန်ကြည့်သည်။ "မင်း ငါ့ကို သိလို့လား " တိရစ္ဆာန် ဘာသာစကားကို နားလည်သည့် လူသားမိတ်ဆွေတစ်ယောက် ရှိကြောင်း ကျိုကျိုထံကနေ ကျိုကျို ပြောတာကို ကြားခဲ့ဖူး၏။ တစ်ချက်ကြည့်ရုံဖြင့် သူမက သာမန်လူသားမဟုတ်ပုံ ပေါ်သည်။

"ငါ နင့်ကို မသိဘူး " ရှန်းထင်ရွှမ်းက ပြော၏။ "ဒါပေမဲ့ နင့်ရဲ့ ဘိုးဘေးကို တွေ့ဖူးတာ ဖြစ်လောက်တယ် "

ရင်ရင်။ " ..."

သူမှားသွား၏။ ရှန်းထင်ရွှမ်းသည် သာမန်လူမဟုတ်ရုံသာမက သူမသည် လူသားတစ်ယောက် မဟုတ်လောက်ပေ။ ဆိုရလျှင် သူ၏ဘိုးဘေးများသည် လွန်လေပြီးသော နှစ်ပေါင်းများစွာ၌ နေထိုင်ခဲ့သောကြောင့် ဖြစ်သည်။

ရှန်းထင်ရွှမ်းက ပြော၏။ "ဟိုးရှေးရှေးတုန်းကလေ အားဟွမ်လို့ အမည်ရတဲ့ ရင်လုံတစ်ယောက်ရှိတယ်၊ သူက မင်းရဲ့ ဘိုးဘေးဖြစ်လောက်တယ် "

ရင်ရင်သည် လေထဲကနေ ပြုတ်ကျလုနီးပါး ဖြစ်သွား၏။ "ခင်ဗျား သူ့ကို တကယ် တွေ့ဖူးတာလား "

ရင်ရင်၏ တုံ့ပြန်မှုကို မြင်သောအခါ ရှန်းထင်ရွှမ်းက မေးလိုက်၏။ "အားဟွမ်က ဘယ်သူလဲ "

"ကျုပ်ရဲ့ ဘိုးဘေးကြီး " ရင်ရင်သည် အစက လာရမှာ တွန့်ဆုတ်နေခဲ့သည်။ သို့သော် အားဟွမ်အကြောင်း ရှန်းထင်ရွှမ်းပြောတာ ကြားပြီးနောက် သူ၏ သဘောထားက ၁၈၀ ဒီဂရီ ပြောင်းလဲသွား၏။ ယခုအခေါက် မေးခွန်းဖြေချိန်၌ ဖာသိဖာသာ အမူအရာ ရှိမနေတော့ပေ။

ရှန်းထင်ရွှမ်းက ပြော၏။

"ငါ သူ့ကို တွေ့တဲ့အချိန်တုန်းက သူက အင်မတန်သေးတဲ့ နဂါးသေးလေး

တစ်ကောင်ပဲ၊ မင်းထက်တောင် သေးသေးတယ် "

ကိုကို၏ ရင်ထဲတွင် ရင်ရင်က အလွန်အေးစက်သည့် သတ္တဝါတစ်ကောင် ဖြစ်သည်။ သို့သော်ငြား သူ၏ အဝါရောင် ခန္ဓာကိုယ်ကို အလွန် နှစ်သက်သည်။ သူ၏ အတောင်ပံများကလည်း အမှန်တကယ် တောက်ပ နေ၏။ တကယ်တော့ ရင်ရင်သည် ကိုကိုကို ဆက်တိုက် လျစ်လျူရှုနေခဲ့ တာပဲဖြစ်သည်။ တစ်နေ့တွင် ကိုကိုက ရင်ရင်သည် အချိုများစားရတာ နှစ်သက်ကြောင်း ရှာတွေ့ခဲ့၏။ ထိုအချိန်မှစကာ ကိုကိုသည် ရင်ရင်ကို မကြာခဏ ကျွေးမွေးခဲ့၏။ အချိန်ကြာလာသည်နှင့်အမျှ ကိုကိုအပေါ် ရင် ရင်၏ သဘောထားက ပြောင်းလဲသွားတာပဲဖြစ်သည်။

မထင်ထားဘဲ သူ၏သဘောထားသည် ရှန်းထင်ရွှမ်းပေါ် အလွန်လျင်မြန် စွာ ပြောင်းလဲသွားခဲ့၏။

ရင်ရင်သည် လမုန့်များ စားပြီးသွားပြီဖြစ်သည်။

"ဒီတောင်ပေါ်မှာ ဝိညာဉ်စွမ်းအင်တွေအများကြီးပဲ၊ ဒီမှာ နေလို့ရလား "

ရှန်းထင်ရွှမ်းက ပြော၏။ "နင့်သဘောလေ "

တောင်အနောက်ကို တောင်တန်းဒေသနှင့် ဆက်နွယ်ထားလေရာ လူသူ ကင်းမဲ့၏။ ထို့ကြောင့် ရင်လုံ ဤနေရာတွင် နေလျှင်တောင် မည်သူမှ တွေ့ မှာ မဟုတ်ပေ။

ရင်ရင်က ထပြီး ပျံသန်းသွား၏။ သူသည် လမ်းတောက်လျှောက်၌ သစ်သီးအချို့လည်း စားသွားသည်။

ယင်းကို မြင်သောအခါ ကိုကိုက တောင်ပံဖြင့် သူမ မျက်လုံးကို ကာထား လိုက်၏။

"အား သိပ်ကောင်းမှာပဲ "

ရှန်းထင်ရှမ်းက ပြောလိုက်၏။ "အင်း "

ဂျင်ဆင်းဝိညာဉ်အပြင် ရှေးခေတ်မဟာသားရဲဆယ်မျိုးထဲမှ တစ်မျိုးက တောင်ပေါ်တွင် နေနေ၏။

ရင်ရင်သည် ရှန်းထင်ရှမ်းထံမှ ဘာမှမမေးခဲ့ဘဲ တောင်နောက်သို့ ပျံသန်းသွားရာ တောင်ဘက်ခြမ်း၌ လူသူကင်းမဲ့သည့် နေရာ၌ သစ်ပင်များစွာကို တွေ့ခဲ့ရသည်။

သူသည် တောင်၌ အရံအတားတစ်ခု တည်ဆောက်ပြီးနောက် တောင်ပေါ်ရှိ အရွက်များအားလုံးကို မီးရှို့လိုက်သည်။ ထိုပြာများကို မြေဩဇာများအဖြစ် အသုံးပြုနိုင်ကာ ရှန်းထင်ရှမ်းအတွက် အကူအညီဖြစ်စေ၏။ ၎င်းတို့ကို မီးရှို့ပြီးနောက် သူသည် တောင်ပေါ်၌ သစ်ပင်ကြီးတစ်ပင်ကို ရှာကာ အနားယူလိုက်တော့သည်။

ညနေ ၅နာရီ၌ ရှန်းထင်ရှမ်းသည် တိုက်ရိုက်ထုတ်လွှင့်မှုကို စတင်ချိန်၌ လူတိုင်းက သူမ ပစ္စည်းများ ထပ်မံပြုလုပ်မည်ကို သိရှိသွား၏။ သူမက တစ်ဝက်နီးပါး ပြုလုပ်ပြီးသွားပြီဖြစ်သည်။

ပရိသတ်များသည် သူမလုပ်နေသည့်အရာကို ခန့်မှန်းနေကြသည်။ သို့သော် ယခုအခေါက်တွင် ရှန်းထင်ရှမ်းက သူမ ဘာလုပ်နေလဲဆိုတာ သူတို့ကို ရှင်းမပြခဲ့ပေ။

အင်တာနက်အသုံးပြုသူများက ရှန်းထင်ရှမ်း ပြုလုပ်နေသည့်အရာသည် အိမ်တစ်လုံးနှင့် တူသော်ငြား တစ်ထပ်တည်း တူနေတာ မဟုတ်ဟု တွေးလိုက်မိသည်။

အမှန်တကယ်တွင် ရှန်းထင်ရှမ်းက ၁.၅ မီတာ အမြင့်နှင့် အကျယ်ရှိသော သစ်သားအသိုက်တစ်ခုကို ပြုလုပ်နေတာ ဖြစ်သည်။ ပြီးသွားချိန်၌ ဂွမ်း

စောင်လေးများ ထည့်ပြီး အိပ်ရာခင်း ခင်းထားလေ၏။

ပိုသေးရမည့်အစား ပိုကြီးသွားသည့် အရွယ်အစားသည် ရင်ရင်အထဲ၌ နေရန် လုံလောက်လောက်သည်။

နေ့လယ်တွင် ရှန်းထင်ရွှမ်းသည် ရင်ရင်နှင့် အလုပ်များနေပြီး ညနေစောင်းသည်အထိ သူမက Ali Pay ကို ကြည့်ရန် အချိန်မရှိခဲ့ပေ။

သူမ ရှာရမည့် ငွေကြေးပမာဏကို သိရှိပြီးနောက် ရှန်းထင်ရွှမ်းသည် ယခင်ကထက် Ali Pay ကို ဆယ်ကြိမ်ထက်မက စစ်ဆေးခဲ့၏။

တာဝန်ပြီးမြောက်ရန် နှစ်သန်းလိုအပ်နေသေးသည်။ ထို့ကြောင့် စျေးဆိုင်ပေါ်၌ ရှန်းထင်ရွှမ်းသည် ငှက်ပျောသီးနှင့် စတော်ဘယ်ရီသီးများကို တင်ခဲ့သည်။

နောက်နေ့နံနက်စောစော၌ ရင်ရင်သည် ထိုအသိုက်ကို မြင်သောအခါ ချက်ချင်းပင် ဆင်းလာပြီး တောင်ပေါ်သို့ သယ်သွားချင်၏။

ရှန်းထင်ရွှမ်းက ခေါင်းခါလိုက်တော့သည်။ သို့သော် အပြန်အလှန်အနေဖြင့် သူသည် တောင်အနောက်ဘက်ရှိ မြေဆီလွှာများ ထည့်ပေးပြီး အပင်များစိုက်ပျိုးပေးဖို့ ကူညီပေး၏။

တာဝန်စတုတ္ထမြောက်နေ့နေ့လယ်တွင် ရှန်းထင်ရွှမ်းသည် ယွမ် ၈သန်းကျော် စုဆောင်းပြီးသွားပြီဖြစ်ကာ ၈.၁၁ သန်း ရှိနေပြီဖြစ်သည်။

စနစ်။ "Host ထပ်တိုးတာဝန် လိုအပ်သေးလား "

"လိုအပ်တဲ့ပမာဏက ယွမ် ၁၆သန်းလား "

"ဟုတ်တယ် "

ရှန်းထင်ရွှမ်း။ ။ **စနစ်က ရူးနေတာလား။ သူမက တစ်ရက်ခွဲအတွင်းမှာ ၇.၉၇သန်း ယွမ် ရှာနိုင်မှာမှ မဟုတ်တာ။**

စနစ်သည် ရှန်းထင်ရွှမ်း၏ အတွေးများကို သိပြီး တန်းပြောလိုက်၏။

"Host တာဝန်ပြီးမြောက်တဲ့အတွက် ဂုဏ်ပြုပါတယ်၊ ဆုအနေနဲ့ ဝိညာဉ်သွေးကြော ၃၅% ပြန်ရရှိပါတယ် "

ယနေ့တွင် သစ်သီးဝယ်ရန် ရှင်းယွမ်ရှန်သို့ လာသည့်သူ သိပ်မများပေ။

ရှန်းထင်ရွှမ်းသည် နေ့စဉ်နေ့တိုင်း တောင်ခြေ၌ သစ်သီးမျိုးစုံ တစ်ရာကတ်တီကျော် တင်ထားခဲ့၏။ သို့သော် မနေ့ညနေ၌ အားလုံးကုန်သွား၏။ သို့သော် ယနေ့တွင်မူ ညနေစောင်းသည်အထိ ရောင်းမကုန်ခဲ့ပေ။

ရှန်းထင်ရွှမ်းက ယနေ့သည် ဆောင်းဦးလယ်ပွဲတော်ဖြစ်ကြောင်း သဘောပေါက်သွား၏။ ထို့ကြောင့် လူတိုင်းသည် အားလပ်ရက်အတွက် အိမ်ပြန်နေကြတာပဲ ဖြစ်သည်။

သစ်သီးဝယ်ချင်သည့်သူအားလုံးက မနေ့တုန်းက ရောက်လာကြတာပဲ ဖြစ်သည်။

ရှန်းထင်ရွှမ်းသည် သူမ ဘာသာ လမုန့်ပြုလုပ်ရန် စီစဉ်ထား၏။ ယခင်က စူပါမားသို့ သွားချိန်၌ လမုန့်ပြုလုပ်ရန် ပါဝင်ပစ္စည်းများ ဝယ်ခဲ့၏။

လူတိုင်းသည် ပွဲတော်ကျင်းပနေမည်ဟု သူမတွေးလိုက်မိသည်။ ထို့ကြောင့် တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်မည့်သူ သိပ်များမှာမဟုတ်ပေ။ တိုက်ရိုက်ထုတ်လွှင့်မှု စတင်ပြီး သုံးမိနစ်အတွင်း ကြည့်ရှုသူ တစ်သောင်းကျော်သွားလိမ့်မည်ဟု သူမမထင်ထားပေ။

[အားရွှမ်း ပျော်ရွှင်ဖွယ် ဆောင်းဦးလယ်ပွဲတော်ပါ။]

[လမုန့်စားဖို့ သတိရဦးနော်။]

ရှန်းထင်ရွှမ်းက ပြော၏။

"ဟုတ်တယ်၊ ဒီနေ့ ဆောင်းဦးလယ်ပွဲတော်ပဲ၊ ဒါကြောင့် အားလုံးအတွက်

လမုန့်ပြုလုပ်တာကို တိုက်ရိုက်ထုတ်လွှင့်ပြမယ် "

လမုန့်ပြုလုပ်ရန်အတွက် ပါဝင်ပစ္စည်းများက စားပွဲပေါ်တွင် အသင့်ဖြစ်နေပြီဖြစ်သည်။ ရှန်းထင်ရှမ်းက အခွံမာသီးငါးမျိုး လမုန့်ပြုလုပ်ရန် ရည်ရွယ်ထား၏။

အခွံမာသီးငါးမျိုးလမုန့်ပြုလုပ်ချိန်၌ မှတ်ချက်အချို့ရောထွေးနေသည်။ မှတ်ချက်အချို့က သဘောကျပြီး အချို့က မကြိုက်ပေ။ တိုက်ရိုက်ထုတ်လွှင့်မှု မှတ်ချက်များကလည်း အငြင်းပွားနေကြပြီဖြစ်သည်။

[ငါက အစာသွပ်လမုန့်ကို စားရတာအကြိုက်ဆုံးပဲ။]

[ငါက ဘဲဥငံအနှစ်ကို စားရတာ ကြိုက်တယ်။]

[ငါတော့ ချိုတာ ကြိုက်တယ်။]

[အားရှမ်းက အခွံမာသီးငါးမျိုးလမုန့်တစ်မျိုးပဲ လုပ်မှာလား။]

မိုဘိုင်း၏ ကင်မရာသည် မီးဖိုချောင် စားပွဲပေါ်၌ တောက်ပနေ၏။

ရှန်းထင်ရှမ်း ယခင်က ဝယ်လာသည့် ပါဝင်ပစ္စည်းများသည် အခွံမာသည့် သစ်အယ်သီး၊ ဖရုံစေ့၊ နှမ်းစေ့ စသည်ဖြင့် ဖြစ်သည်။

ရှန်းထင်ရှမ်းသည် အားလုံးကို ဖုတ်ရန် လင်ဗန်းထဲ၌ ထည့်ပြီးနောက် ပြားသွားစေ၏။ ပြီးနောက် Oven ထဲထည့်ကာ ၁၀ မိနစ်တာ ၂၀၀ ဒီဂရီဖြင့် ဖုတ်ထားလိုက်သည်။ Oven ပြီးသွားချိန်၌ ရှန်းထင်ရှမ်းသည် ဂျုံမှုန့်ကို ထုတ်ကာ ပန်းကန်လုံးကြီးထဲ ထည့်ပြီးနောက် ပြောင်း၊ ဆီ၊ သကြား၊ ပျားရည်တို့ကို ထည့်ပြီး ညင်သာစွာ မွှေကာ ဘေးတွင် ထားလိုက်၏။

ရေနှင့် ဆီထည့်ကာ မုန့်နှစ် ပြုလုပ်ရန် ဖြစ်သည်။

သူမက ပန်းကန်လုံးတစ်လုံးကို ယူကာ ဂျုံမှုန့်ကို ထည့်ပြီး အထဲ၌ အဆီထည့်ကာ ကောင်းစွာ ရောနှောလိုက်ပြီး အဆီဖြင့် မုန့်နှစ်ပြုလုပ်တာ

ဖြစ်သည်။

ဟုတ်ပေ၏။ ရှန်းထင်ရွှမ်းသည် ငါးလွှာအခွံမာသီးငါးမျိုးလမုန့်ပြုလုပ်ရန် ရည်ရွယ်နေတာပဲ ဖြစ်သည်။

အခွံမာသီးလမုန့်ပြုလုပ်ရန် ပြင်ဆင်နေတာပဲဖြစ်သည်။

နှစ်မျိုးပြုလုပ်ပြီးသွားပြီဖြစ်သည်။ တစ်ခုကို စဥ့်တီတုံးပေါ်၌ မုန့်နှစ်ကို တင်ထားလျက် Oven ကို ဂရုတစိုက်ဖွင့်ကာ အထဲရှိ အခွံမာသီးများကို လှန်လိုက်၏။

ရှန်းထင်ရွှမ်းသည် စဥ့်တီတုံးပေါ် တင်ပြီးနောက် မုန့်နှစ်ကို ညီတူမျှတူ နှစ်ပိုင်းခွဲလိုက်သည်။ ပြီးနောက် ရေနှင့်ဆီထည့်ကာ မုန့်နှစ်ကို အတုံးသေးလေးများ လှိမ့်လိုက်တော့သည်။ ပြီးနောက် ဆီထည့်ကာ မုန့်နှစ်ကို အလုံးလေးများ လုံးပြီးနောက် အတွင်း၌ ရေဓာတ်မုန့်နှစ်ကို ထည့်ကာ ရစ်ပတ်ထားပြီး အဝိုင်းပုံသဏ္ဍာန် လှိမ့်လိုက်တော့သည်။

ထိုသို့ ပြုလုပ်ပြီးနောက် ရှန်းထင်ရွှမ်းသည် ဇစ်ပိတ်အိတ်ထဲသို့ အခွံမာသီးကို ထည့်ပြီးနောက် သူတို့ကို ခြေရန် တလှိမ့်တုံးကို အသုံးပြုလိုက်၏။ ပြီးနောက် ဘလူးဘယ်ရီဆော့ကို ဖြူးပြီးနောက် အပေါ်၌ ပဲအနှစ် ဖြူးလိုက်သည်။ သူတို့ကို သမအောင် မွှေသည်။

အခွံမာသီး ငါးမျိုး လမုန့်ကို ဖြည့်ပြီးနောက် ယင်းက အခွံမာသီးငါးမျိုး၏ အစာပဲဖြစ်သည်။ သူတို့ကို လင်ဗန်းထဲ၌ အလုံးလေးများအဖြစ် ခွဲထားလိုက်သည်။

အားလုံးကို ခွဲပြီးနောက် သူမ ပြုလုပ်ထားသည့် မုန့်နှစ်ထဲသို့ ထည့်ကာ အဝိုင်းလေးဖြစ်အောင် လုပ်လိုက်သည်။ ပြီးနောက် ပြင်ဆင်ထားသည့် မိုထဲသို့ ထားပြီးနောက် ဖိလိုက်ကာ လမုန့်ပုံက ထွက်လာတော့၏။

ရှန်းထင်ရှမ်းသည် Oven လမုန့်ကို ထားပြီး အပူချိန်ကို ၁၈၀ ဒီဂရီသို့ ချိန်ညှိပြီးနောက် ဖုန်းထဲတွင် ပြောလိုက်၏။

"လမုန့်တွေ အဆင်သင့်ဖြစ်ဖို့ ဆယ့်ငါးမိနစ်လောက် စောင့်ရမယ် "

[ဒါက ရိုးရှင်းပုံပေါ်တာပဲ။ ငါလည်း လုပ်နိုင်မယ် ထင်တယ်။]

[ငါ နှင်းလမုန့်ပြုလုပ်ဖို့ ပါဝင်ပစ္စည်းတွေ ဝယ်ထားပြီ။ အိမ်ကို သယ်လာတာ။ ဒါပေမဲ့ မုန့်နှစ် မပြုလုပ်နိုင်ခဲ့ဘူး။ ဇွဇွယွမ် အလဟဿ ဖြစ်သွားတယ်။]

ရှန်းထင်ရှမ်းသည် အားလုံးနှင့် ခဏတာ စကားပြောပြီးနောက် Oven ၏ အချက်ပေးအသံက မြည်လာသည်။ ရှန်းထင်ရှမ်းက အထဲကနေ လမုန့်ကို ထုတ်လိုက်သည်။

"ကျက်သွားပြီ၊ မြည်းကြည့်လို့ရပြီ "

အပြင်လွှာသည် အညိုရောင်များ သမ်းနေပြီး အခွံမာသီးရနံ့ ရောနေလေ၏။

ရှန်းထင်ရှမ်းက လမုန့်ကို ဖယ်လိုက်၏။ မုန့်နှစ် နှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းကြောင့် လမုန့်အသားက အလွှာလေးများဖြစ်နေသည်။ ရှန်းထင်ရှမ်းက တစ်ကိုက်ကိုက်လိုက်တော့သည်။

ဘလူးဘယ်ရီအနှစ်က သူမစိုက်ပျိုးထားသည့် ဘလူးဘယ်ရီဖြင့် ပြုလုပ်ထားတာဖြစ်ပြီး ပဲအနှစ်ကို သူမဝယ်ထားတာပဲဖြစ်သည်။

သူမက ပဲအနှစ်များစွာ သိပ်မထည့်ခဲ့။ သကြားအလွန်အကျွံမထည့်ထားပေ။ မဟုတ်လျှင် အရမ်းချိုနေလိမ့်မည်။

"အရသာက အဆင်ပြေတယ်၊ ကြည့်ရှုသူတွေအတွက် အခွံမာသီးငါးမျိုး၊ လမုန့်ကို လက်ခံဖို့ ကြည့်ရှုသူတစ်ယောက်အတွက် မဲနှိုက်ပေးမယ် "

ရှန်းထင်ရှမ်းက မဲနှိုက်ပြီးနောက် တိုက်ရိုက်ထုတ်လွှင့်မှုကို ပိတ်ကာ ကျန်ရှိသော လမုန့်များကို နေပူဆာလှုံခန်းထဲသို့ ယူသွားလိုက်သည်။ သူမ ယခင်က ပြုလုပ်ခဲ့သည့် ဝိုင်ကိုလည်း သယ်လာပြီး နောက်နှစ်ဆောင်းလယ်ပွဲတော်မတိုင်ခင် ချိုမြိန်သည့် ကွေ့ဟွားဝိုင်ပြုလုပ်ရန် စဉ်းစားလိုက်၏။

သူမသည် လမုန့်စားနေစဉ် ဝိုင်သောက်ရန် စီစဉ်ထား၏။ ရုပ်ရှင်ကြည့်နေစဉ် ခေါင်းမိုးပေါ်ရှိ လကို ကြည့်ရတာ နှစ်ခြိုက်လှသည်။ ဖန်ကနေဖြတ်လျက် သူမသည် ကောင်းကင်ရှိ လုံးဝိုင်းသော လကို မြင်နိုင်ပြီး ကောင်းကင်ထဲရှိ ကြယ်များကို မြင်တွေ့နိုင်၏။

ကျိုကျိုက အမိုးပေါ် ပျံသန်းလာတော့သည်။

"အားရှမ်း တစ်ယောက်ယောက်က တောင်အောက်မှာ နင့်ကို လာရှာနေတယ် "

...

***

အပိုင်း (၆၂)

ရင်ရင်ရောက်လာချိန်မှ စပြီး ကျိကျိသည် တောင်နောက်သို့ ခဏခဏ ပြေးသွားတတ်၏။ သို့သော် ညလယ်၌ ခြံဝန်းထဲသို့ ပြန်လာသည်။

ရှန်းထင်ရွှမ်း ။ "... " ဘယ်သူလဲ။ ဒီလောက် နောက်ကျနေမှ။

"သူ ဒီကို လာဖူးတာ အကြိမ်အနည်းငယ် ရှိပြီ၊ အရမ်းချောတဲ့တစ်ယောက်လေ "

အရမ်းချောတာလား။ ချင်ယွဲ့ကျီပဲ ဖြစ်ရမယ်။

အခြားတစ်ယောက်သာဆိုလျှင် သူမ တောင်အောက်ကို ဆင်းသွားမှာ မဟုတ်ပေ။ သို့သော် BUG ရောက်လာသည့်အချိန်၌ သူမ အောက်ဆင်းရမည်။ သူမက တောင်ခြေ၌ ချင်ယွဲ့ကျီကို တွေ့လိုက်ရ၏။

ချင်ယွဲ့ကျီ၏ လတ်တလော ရိုက်ကွင်းက မြို့တော် B နားတွင် ဖြစ်သည်။ ယနေ့ ဆောင်းဦးလယ်ပွဲတော် ဖြစ်သောကြောင့် ရိုက်ကူးရေးအဖွဲ့သည် တစ်ညတာ အားလပ်ခွင့်ပေးလိုက်၏။

သူသည် နေ့လယ်က ရိုက်ကူးပြီးနောက် မိတ်ကပ်ဖျက်ခဲ့ပြီးကာ အိမ်ပြန်ရန် စီစဉ်ထား၏။ သို့သော် ဤနေရာသို့ အလိုလို မောင်းလာမိသည်။

သူသည် ရှန်းထင်ရွှမ်းကို နှောင့်ယှက်ရန် မစီစဉ်ထားပေ။ ထို့ကြောင့် တောင်အောက်တွင် ခဏတာ တိတ်တဆိတ် နေနေခဲ့၏။ ည ၈ နာရီထိုးပြီ ဖြစ်သောကြောင့် အတော်လေးမှောင်နေပြီ ဖြစ်သည်။ ဤရွာလေးသည် လရောင်အောက်တွင် လွှမ်းခြုံနေလျက် ငြိမ်းချမ်းသည့် အငွေ့အသက်ကို

ခံစားရစေကာ ဤနေရာတွင် နေထိုင်သူများက အတော်လေး သက်သောင့်သက်သာ ရှိလှပေမည်။

ချင်ယွဲ့ကျိုက ကားထဲတွင် ထိုင်ပြီးနောက် ကောင်းကင်ပေါ်ရှိ လကို မော့ကြည့်လိုက်၏။

ရုတ်တရက် သူ့ဆီသို့ အရိပ်တစ်ရိပ်က ပြေးလာနေ၏။ ထိုပုံရိပ်က သူ့ကားဆီသို့ ပြေးလာနေတာပဲ ဖြစ်သည်။

ရှန်းထင်ရွှမ်းသည် မီးခိုးရောင် တီရှပ်ကို ဝတ်ဆင်ထားလျက် လီနင်သား ဘောင်းဘီကို ဝတ်ဆင်ထား၏။ သူမ၏ ဆံပင်များကို မြင်းမြီးပုံစံဆံပင်ချည်ထားကာ ဖက်ရှင်ကျမနေပေ။ သို့သော် သက်သောင့် သက်သာပုံ ပေါ်လှ၏။

ချင်ယွဲ့ကျိုက ပြုံးလိုက်သည်။

ရှန်းထင်ရွှမ်းက ချင်ယွဲ့ကျို၏ ကားဆီ လျှောက်သွားလိုက်၏။ "ရိုက်ကူးရေး ပြီးသွားပြီလား "

ချင်ယွဲ့ကျိုက ကားတံခါးဖွင့်လိုက်သည်။ "ကျွန်တော်တို့ ဒီည နားတယ် "

ရှန်းထင်ရွှမ်းက တံခါးဖွင့်ပြီးနောက် ခရီးသည်ခုံ၌ ဝင်ထိုင်လိုက်သည်။

"ပျော်ရွှင်ဖွယ် ဆောင်းဦးလယ်ပွဲတော်ပါ၊ အိမ်ဘာကြောင့် မပြန်တာလဲ "

ချင်ယွဲ့ကျို၏ မျက်ဝန်းများက ခဏတာ မှုန်မှိုင်းသွားပေ၏။ "ကျွန်တော့်မှာ အိမ်မရှိဘူး "

ယင်းက မူလပိုင်ရှင်နှင့် ဆင်တူပုံပေါ်၏။ ယင်း၌ အိမ်တစ်လုံးရှိသော်ငြား မရှိတာထက် ပိုကောင်းနေ၏။

ချင်ယွဲ့ကျိုသည် ရှန်းထင်ရွှမ်း၏ မျက်ဝန်းထဲရှိ ကရုဏာသက်မှုကို မြင်ပြီး အတော်လေး ရယ်စရာကောင်းသည်ဟု ခံစားလိုက်မိသည်။

ရှန်းထင်ရွှမ်း၏ အခြေအနေသည်လည်း သူနှင့်ဆင်တူ၏။ သို့သော် သူမ

သည် သူ့ကို ကရုဏာသက်နေပုံရ၏။

"ရှင် လမုန့်စားပြီးပြီလား၊ သွားကြရအောင်၊ ရှင့်ကို လမုန့်ကျွေးမယ် "

"ဟုတ်ပြီလေ "

ချင်ယွဲ့ကျိသည် ခြံဝန်းထဲသို့ သွားသည့် လမ်းကို သိပြီးသားဖြစ်သောကြောင့် တန်းမောင်းသွားလိုက်၏။

ကားပေါ်က ဆင်းပြီးနောက် ချင်ယွဲ့ကျိသည် ခြံဝန်းအပြင်၌ ရပ်ထားသောကားတစ်စီးကို တွေ့လိုက်သည်။ ယင်းက သူ့ကားနှင့် တစ်ပုံစံတည်းတူသည့် အမျိုးအစားပဲ ဖြစ်သည်။ အခြားသူများ လာရောက်လည်ပတ်နေသလားဆိုတာ အနည်းငယ် မရေရာ မသေချာ ဖြစ်သွားသည်။

ရှန်းထင်ရွှမ်းသည် ချင်ယွဲ့ကျိက ကားကို ကြည့်နေတာ မြင်သောအခါပြောလိုက်တော့၏။

"နောက်ဆုံးအခေါက်တုန်းက ရှင့်ရဲ့ ကားကို မောင်းခဲ့တုန်းက ကားကောင်းတစ်စီးလို့ တွေးခဲ့မိတာကြောင့် ကျွန်မလည်း တစ်စီးဝယ်လိုက်တာ၊ သွားကြမယ် "

ရှန်းထင်ရွှမ်းက ရှေ့ကနေ လျှောက်သွားပြီး သူမနောက်ရှိ လူကို အာရုံမစိုက်တော့ပေ။

ချင်ယွဲ့ကျိသည် ရှန်းထင်ရွှမ်း၏ ရှင်းပြချက်ကို ကြားပြီးနောက် တင်းမာနေသော မျက်နှာက ပြေလျော့သွားတော့သည်။

နှစ်ယောက်သားက နေပူဆာလှုံခန်းထဲသို့ သွားလိုက်၏။

ချင်ယွဲ့ကျိသည် နောက်ဆုံးအခေါက်က ဤနေပူဆာလှုံခန်းကို မတွေ့ခဲ့ပေ။ သူရောက်လာချိန်တိုင်း၌ ပြောင်းလဲမှုအသစ်များကို အမြဲတမ်းကြုံတွေ့နေရသည်။

ရှန်းထင်ရှမ်းက ဖန်ခွက်နှစ်ခွက်သွားယူသည်။

ချင်ယွဲ့ကျီ၏ ရောက်ရှိလာမှုကြောင့် ရှန်းထင်ရှမ်းသည် ကျန်ရှိသည့် လမုန့်များကို လေးပိုင်းပိုင်းလိုက်၏။ သူမသည် ခွက်ထဲသို့ ဝိုင်အချို့ထည့်ပြီးနောက် ပေးလိုက်သည်။

"ဒီဝိုင်က အရင် တိုက်ရိုက်ထုတ်လွှင့်မှုတုန်းက ဝယ်ထားခဲ့တာ၊ ဒါပေမဲ့ ရောက်လာပြီးတဲ့နောက် အရသာသိပ်မကောင်းမှန်း သိလိုက်ရတယ်၊ ဒါကြောင့် ကျွန်မစိုက်ပျိုးထားတဲ့ စပျစ်သီးတွေ ထပ်ထည့်လိုက်တာ "

ချင်ယွဲ့ကျီသည် ကားမောင်းလာသောကြောင့် မသောက်သင့်ပေ။ သို့သော်ငြား ယခုအချိန်တွင် သူမက မငြင်းဆန်လိုက်ပေ။ "ဟုတ်ပြီ "

အစက ရှန်းထင်ရှမ်းသည် ကိုယ့်အချစ်လေး မင်းသားသွမ့်ဟူသည့် ရုပ်ရှင်ကားကို ကြည့်ချင်နေခဲ့တာပဲဖြစ်သည်။

ထိုရုပ်ရှင်သည် ချစ်ကြည်နူးဖွယ် ရုပ်ရှင်တစ်ကားဖြစ်ပြီး ဇာတ်ကွက်အချို့နှင့် နန်းတော်တွင် ယှဉ်ပြိုင်မှုများ ပါဝင်၏။ ချင်ယွဲ့ကျီက သူ့ပွဲဦးထွက်ပြီး ဒုတိယမြောက်နှစ်၌ ရိုက်ကူးခဲ့တာပဲ ဖြစ်သည်။

ရှန်းထင်ရှမ်းသည် စားပွဲပေါ်ရှိ လမုန့်များကို လက်ညှိုးထိုးပြလိုက်၏။ "စားကြည့်ကြည့် "

ချင်ယွဲ့ကျီသည် ပရိဂျက်တာကို သိပ်ဂရုမစိုက်ပေ။ သို့သော် ဇာတ်ဝင်တေးကို ကြားသောအခါ သူက လမုန့်စားတာ ရပ်တန့်မိသွား၏။ သူ့ရှေ့ရှိ ဖန်သားပြင်ကို ကြည့်လိုက်၏။

"မဟုတ်ဘူး၊ တခြားတစ်ခု ကြည့်ကြရအောင်လား "

"ဘာကြောင့်လဲ၊ ရှင်သရုပ်ဆောင်ခဲ့တာ မဟုတ်ဘူးလား " ပရိသတ်တွေအများကြီးက ဒီရုပ်ရှင်ကားကို ထောက်ခံပေးတာလေ။

ထိုရုပ်ရှင်ကို ရိုက်ကူးစဉ်က သူငယ်ရွယ်သေး၏။ ထို့ကြောင့် သူသည် မကြည့်နိုင်တာပဲဖြစ်သည်။ သို့သော် ချင်ယွဲ့ကျိုက သူမနှင့်အတူ ကြည့်ခဲ့ပေးသေး၏။

ဇာတ်ကွက်ကို မဆိုထားနှင့် ချင်ယွဲ့ကျို၏သွင်ပြင်တစ်ခုထဲကပင် ရှိုးတစ်ခုလုံးကို ထိန်းထားနိုင်သည်။ ရှန်းထင်ရွှမ်းသည် ကြည့်နေစဉ် လမုန့်စားလျက် ရံဖန်ရံခါ၌ ဝိုင်နီတစ်ငုံသောက်လေ၏။

သူမ ပျော်ရွှင်နေသည်။

ချင်ယွဲ့ကျိုနှင့် မင်းသမီးတို့ တစ်ယောက်နှင့် တစ်ယောက်နမ်းသည့်ဇာတ်ကွက်ရောက်လာတော့သည်။ အမှန်တကယ်တွင် ထိုဇာတ်ကွက်သည် ထိုစဉ်က အစားထိုးသရုပ်ဆောင်က ရိုက်ပေးခဲ့တာပဲဖြစ်သည်။ ထိုအခန်းကို မြင်ပြီး ချင်ယွဲ့ကျိုက ရှက်ရွံ့ကာ ဝိုင်နီခွက်ကို မြှောက်လျက် တစ်ငုံသောက်လိုက်သည်။

ဝိုင်နီ၏ အရသာသည် သိပ်မကောင်းလောက်သော်ငြား စပျစ်သီးထည့်ပြီးနောက် စပျစ်သီး၏ သင်းပျံ့သော ရနံ့နှင့် အချိုဓာတ်တို့က ပေါ်ထွက်လာ၏။

အနံ့က ရှည်ကြာလွန်းပြီး ချင်ယွဲ့ကျိုသည် ထိုစဉ်က ရိုက်ကူးသည့် နည်းလမ်းကို ရှင်းပြချင်ခဲ့သည်။

သို့သော် ရှန်းထင်ရွှမ်းက ဘာမှမမေးဘဲ သူမသည် ဇာတ်ကွက်လွဲချော်သွားမှာကို ကြောက်ရွံ့နေသည့်ပုံဖြင့် ဖန်သားပြင်ကို ပျော်ရွှင်စွာ စိုက်ကြည့်နေ၏။ ထို့ကြောင့် နောက်ဆုံးတွင် ချင်ယွဲ့ကျိုက ဘာမှမပြောတော့ပေ။ သူ၏ ခံတွင်းထဲရှိ ဝိုင်ကလည်း အရသာပြင်းလာတော့သည်။

ရုပ်ရှင်တစ်ကားလုံးကြည့်ပြီးနောက် လူနှစ်ယောက်သည် လမုန့်တစ်ခုလုံးစားလိုက်ကြ၏။

မကြိုက်တာကြောင့်မဟုတ်ဘဲ လမုန့်တွင် အခွံမာသီးများက ကယ်လိုရီ များလွန်းသည်။ ချင်ယွဲ့ကျီသည် ဝိတ်လျော့နေစဉ် ရှန်းထင်ရွှမ်း၏ အာရုံစိုက်မှုက ရုပ်ရှင်ကားပေါ်တွင်သာ ရှိနေ၏။

ချင်ယွဲ့ကျီက အချိန်ကြည့်လိုက်ရာ ၁ဂနာရီ ထိုးနေပြီမှန်းသိလိုက်ရ၏။

အရက်သောက်ထားသောကြောင့် ချင်ယွဲ့ကျီသည် ကားကို ဤနေရာ၌ ထားခဲ့ကာ အိုက်မင်ကို လာကြိုခိုင်းလိုက်၏။

အိုက်မင်ရောက်လာတာကို စောင့်နေစဉ် ချင်ယွဲ့ကျီက ပြောလိုက်၏။ "လတ်တလော မင်း ဟင်းသီးဟင်းရွက်တွေ သစ်သီးဝလံတွေ စိုက်ပျိုးထားတာ တွေ့လိုက်ရတယ်၊ နောက်ဆုံးအခေါက်တုန်းက ဒီတောင်ပေါ်မှာ သစ်သီးအများကြီး မရှိသေးဘူး "

ရှန်းထင်ရွှမ်းက ပြောလိုက်၏။ "ဟုတ်တယ်၊ ပိုက်ဆံရှာဖို့ ကျွန်မအလုပ်ကြိုးစားရမယ် "

"မင်း ပိုက်ဆံမရှိလို့လား "

ရှန်းထင်ရွှမ်းက ခေါင်းညိတ်လိုက်၏။ သူမသည် တာဝန်ကို ပြီးမြောက်ရန် ယွမ်သန်းချီ လိုအပ်နေသေးသည်။ ချင်ယွဲ့ကျီသည် ရှန်းထင်ရွှမ်း၏ သစ်သီးများ အမှန်တကယ် အရသာရှိကြောင်း သိသည်။ ထို့ကြောင့် သူက ပြောလိုက်၏။ "သစ်သီးတွေ ပို့ဆောင်ဖို့ကို တွေးမိလား " (ဒီမှာက takeaway စနစ်၊ ဥပမာ grab တို့ door to door တို့လို၊ ချက်ချင်းမှာ ချက်ချင်းပို့စနစ်)

"ပို့ဆောင်ဖို့လား "

မူလပိုင်ရှင်သည် ငယ်စဉ်တည်းက ရွာတွင် ကြီးပြင်းလာခဲ့၏။ သူမ ရှန်းအိမ်သို့ ရောက်သည့်အချိန်၌ မည်ကဲ့သို့ ပစ္စည်းများ မှာယူမိမည်နည်း။ ရှန်း

မိသားစုသည် ပစ္စည်းများမှာရန် မလိုအပ်ချေ။ ထို့ကြောင့် သူသည်လည်း သယ်ယူပို့ဆောင်ရေးကိစ္စရပ်ကို မသိ။

ချင်ယွဲ့ကျီသည် သယ်ယူပို့ဆောင်ရေးက ဘာဆိုတာ ရှင်းပြပြီးနောက် ပြောလိုက်၏။

"အဆင်ပြေတယ်လို့ ထင်ရင် မနက်ဖြန်ကျ စကားပြောဖို့ ခင်ဗျားဆီ ကျွန်တော် တစ်ယောက် လွှတ်လိုက်မယ်လေ "

"ဟုတ်ပြီ "

သူမ၏ ကျေးဇူးတင်ရှိမှုကို ဖော်ပြရန်အတွက် ချင်ယွဲ့ကျီ ပြန်သွားသည့် အချိန်၌ သစ်သီးအိတ်ကြီးတစ်အိတ် ပေးလိုက်၏။

ချင်ယွဲ့ကျီက ကားပေါ်ရောက်သည့်အချိန်၌ သူမဘက် လှည့်ပြောလိုက်၏။

"ပျော်ရွှင်ဖွယ် ဆောင်းဦးလယ်ပွဲတော်ပါ "

နောက်တစ်နေ့တွင် ဝန်ထမ်းက ရှန်းထင်ရွှမ်းကို သယ်ယူပို့ဆောင်ရေး အကြောင်း လာပြောချိန်၌ ရှန်းထင်ရွှမ်းက ချင်ယွဲ့ကျီသည် စကားတည်ပြီး လုပ်ရည်ကိုင်ရည်ရှိသည့် လူတစ်ဦးဆိုတာ ခံစားမိလိုက်သည်။

"မင်္ဂလာပါ မစ္စရှန်း၊ ကျွန်တော်က တုယိဟိန်ပါ၊ မြောင်မြောင် အစားအသောက် သယ်ယူပို့ဆောင်ရေးကုမ္ပဏီရဲ့ စီးပွားရေးမန်နေဂျာတစ်ယောက်ပါ၊ မစ္စရဲ့ သစ်သီးတွေနဲ့ ဟင်းသီးဟင်းရွက်တွေကို ကျွန်တော်တို့ ပလက်ဖောင်းမှာ တင်မယ်ဆိုရင် ဒီသဘောတူညီချက်ကို ကျွန်တော်တို့နဲ့ လက်မှတ်ရေးထိုးနိုင်ပါတယ်၊ ပြီးတော့ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်မှာပါ၊ မေးစရာရှိရင် ကျွန်တော့်ကို ဆက်သွယ်လို့ရပါတယ် "

ရှန်းထင်ရွှမ်းက ပြော၏။ "ဒါက ဒုက္ခများမလား "

တုယိဟိန်က သူ၏ ဖုန်းကို ထုတ်လိုက်သည်။ "မစ္စအတွက် အက်ပ်

တစ်ခု ဖွင့်ပေးပါမယ်၊ ဝယ်သူတစ်ယောက်က မစ္စရဲ့ သစ်သီးကို အမှာ တင်သွင်းမယ်ဆိုရင် အမှာစာကို လက်ခံရရှိကြောင်း နောက်ခံမှာ ခလုတ် တစ်ခုနှိပ်လိုက်ရုံပါပဲ၊ အမှာစာလက်ခံရရှိပြီဆိုတာနဲ့ ကျွန်တော်တို့ရဲ့ သယ်ယူပို့ဆောင်ရေး ဝန်ထမ်းက သစ်သီးလာကောက်မှာပါ၊ ပို့ပေးဖို့ လိုအပ်တဲ့သစ်သီးကို ပြင်ဆင်ထားဖို့ပဲ လိုပါတယ် "

"ဒီလောက် ရိုးရှင်းတယ်လား " ရှန်းထင်ရှမ်းက ၎င်းသည် ကားဖြင့် ပို့ဆောင်သည်ထက် ပိုလွယ်ကူသည်မှန်း တွေ့လိုက်ရသည်။ ဝယ်သူ၏ လိပ်စာကို ပရင့်ထုတ်ရန်တောင် မလိုပေ။

"ဟုတ်ပါတယ်၊ ပို့ဆောင်နိုင်တဲ့ အတိုင်းအတာက အနီးအနားရွာအတွင်း ပါပဲ၊ ဝေးဝေးလံလံဆိုရင်တော့ အထူးတလည် ပို့ဆောင်ဖို့ လိုအပ်ပါတယ် "

တုယိဟိန်သည် ပလက်ဖောင်း၏ လုပ်ငန်းလည်ပတ်ပုံနှင့် စည်းမျဉ်း စည်းကမ်းများကို ရှန်းထင်ရှမ်းအား ဂရုတစိုက် ရှင်းပြလိုက်၏။

ရှန်းထင်ရှမ်းသည် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။ ပလက်ဖောင်းသည် ဖွင့်လှစ်တာ မြန်ဆန်သည်။ ဝယ်သူက သူတို့က ကုန်ပစ္စည်းလက်ခံရရှိသည်နှင့် အတည်ပြုမည်ဖြစ်ကာ ပိုက်ဆံကို သူမအ ကောင့်ထဲ လွှဲပေးလိမ့်မည်။ ထို့အပြင် ယင်းကို ချင်ယွဲ့ကျီက မိတ်ဆက်ပေး သောကြောင့် သူမ စိတ်ချနိုင်၏။

"အသုံးပြုသူအသစ်တစ်ယောက်အနေနဲ့ ကျွန်တော်တို့က ဒီလအတွင်း အခမဲ့ ကြော်ငြာလုပ်ပေးပါမယ်၊ ပြီးတော့ ဒီကူပွန်ကိုလည်း ပလက်ဖောင်း အတွက် အသုံးပြုလို့ရပါတယ် "

"ဟုတ်ပါပြီ "

မြောင်မြောင်သယ်ယူပို့ဆောင်ရေးက အလွန်စွမ်းဆောင်နိုင်စွမ်းရှိသည်။

ရှန်းထင်ရွှမ်းနှင့် မနက်ခင်း၌ သဘောတူစာချုပ်ချုပ်ဆိုပြီးနောက် ရှန်းထင်ရွှမ်း၏ ဈေးဆိုင်သည် ညနေခင်း၌ စာရင်းထဲပါနေပြီ ဖြစ်သည်။

ရနိုင်သည့် သစ်သီးပုံများကလည်း ရှန်းထင်ရွှမ်း၏ ဖုန်းထဲတွင် ပြထားပြီး အက်ပ်ကနေ တိုက်ရိုက်တင်နိုင်တာပဲ ဖြစ်၏။ ရလာဒ်အနေဖြင့် စင်ပေါ်သို့ သစ်သီးများ တင်ပြီးသည်နှင့် မကြာမီ အော်ဒါတစ်ခု ရောက်လာတော့သည်။

ရှန်းထင်ရွှမ်းက တစ်ချက်ကြည့်လိုက်ရာ သူမနှင့် ၁၀ ကီလိုမီတာ အကွာရှိ တစ်စုံတစ်ယောက်က စပျစ်သီးတစ်ကတ်တီမှာကြောင်း သိလိုက်ရသည်။

တစ်ဖက်လူသည် အလွန်နည်းနည်းလေးမှာတာမဟုတ်ဘဲ ရှန်းထင်ရွှမ်းက ဝယ်ယူမှုကို ထပ်မံကန့်သတ်လိုက်တာပဲ ဖြစ်သည်။

ရှန်းထင်ရွှမ်းသည် စပျစ်သီးတစ်ကတ်တီကို ခူးပြီးနောက် ပို့ဆောင်ရေးဝန်ထမ်းက ရောက်လာသည်။ ရှန်းထင်ရွှမ်းက သူ့ကို စပျစ်သီးများပေးပြီးနောက် မြေပုံပေါ်၌ ပို့ဆောင်ရေးဝန်ထမ်းရွှေ့သွားတာကို ကြည့်နေလိုက်သည်။ သူစီးနေသော မော်တော်ဆိုင်ကယ်သည် သူ၏ တည်နေရာနားသို့ နီးကပ်ပြီးရင်း ကပ်သွားတော့၏။

ခဏအကြာတွင် သူမ၏ အက်ပ်က ဝယ်သူသည် ပစ္စည်းလက်ခံရရှိကြောင်း ချက်ချင်းလက်ငင်းစာဝင်လာ၏။

အမှာစာတင်သည့် ပထမဆုံးဝယ်သူသည် ရှင်းယွမ်ရှန်နှင့် မနီးမဝေးတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ သူသည် ရှင်းယွမ်ရှန်၏ သစ်သီးများကို စားရတာ နှစ်ခြိုက်သည်။ သို့သော် နေ့စဉ်နေ့တိုင်း ရုံးစောစော သွားရသောကြောင့် သစ်သီးဝယ်ရန် စူပါမားသို့ မသွားနိုင်ပေ။ သူသည် ပိတ်ရက်များ၌သာ တန်းစီရန် စောစောထနိုင်၏။

ယနေ့ သူသည် နေ့လယ်လက်ဖက်ရည်သောက်ချိန်၌ အရသာရှိသည့် စား

သောက်ဖွယ်ရာ မှာ၍ ရမရ ကြည့်ရန် စီစဉ်ခဲ့၏။ သို့သော် သူ၏ အာရုံစိုက်မှုကို ရသွားမည့် ဈေးဆိုင်အသစ်ရှိလိမ့်မည်ဟု မထင်ထားပေ။

တစ်ချက်နှိပ်ကြည့်ပြီးနောက် အားရွှမ်၏ ဆိုင်ဖြစ်နေကြောင်း တွေ့လိုက်၏။ ရှင်းယွမ်ရှန်တွင် လယ်စိုက်သည့် တင်ဆက်သူသည် အားရွှမ်းဟု ခေါ်ကြောင်း သူမှတ်မိသွားသည်။ သူက ဈေးဆိုင်ထဲ ဝင်ကြည့်လိုက်ရာ လိပ်စာသည် ရှင်းယွမ်ရှန် ဖြစ်နေသည်။

ထိုအကြောင်းကို တွေးပြီးနောက် သူသည် မြည်းစမ်းကြည့်ရန် မှာလိုက်တော့၏။ အစက သူသည် စပျစ်သီးနှင့် ကီဝီသီးကို ရွေးချယ်ချင်ခဲ့သော်ငြားဝယ်ယူမှုကန့်သတ်ထားသောကြောင့် စပျစ်သီးသာ ဝယ်နိုင်၏။ မကြာမီ၌ စပျစ်သီးရောက်လာကာ ၎င်းကို လက်ခံရရှိချိန်၌ စပျစ်သီးများသည် စူပါမောက ရောင်းချသည့်အတိုင်း တစ်ထပ်တည်း တူကြောင်းတွေ့လိုက်ရသည်။

နောက်တစ်လှမ်းက အရသာခံရန်ပဲ ဖြစ်သည်။ သူသည် စပျစ်သီးများကို ဆေးပြီးနောက် ပါးစပ်ထဲထည့်လိုက်ချိန်တွင် ၎င်းတို့က စူပါမောရ်၏ စပျစ်သီးများဆိုတာ ချက်ချင်း သေချာသွားတော့၏။

ထိုသတင်းကို သူ့နားရှိ မိတ်ဆွေများကို ချက်ချင်း ပြောပြခဲ့၏။ သို့သော် သူတို့ ဧရိယာ၌ ထိုကဲ့သို့ ဈေးဆိုင် မရှိကြောင်း လူများစွာက သိလိုက်ရသည်။ ပို့ဆောင်ရေးဆိုင်သည် အချိန်အတိုင်းအတာတစ်ခုထိ အဝေးရှိ ဝယ်သူကို ဝန်ဆောင်မှုမပေးပေ။ ယင်းက ဆိုးရွားပေ၏။

ညဘက်တိုက်ရိုက်ထုတ်လွှင့်မှု၌ ပရိသတ်များစွာသည် ရှန်းထင်ရွှမ်းကို မြောင်မြောင် သယ်ယူပို့ဆောင်ရေးအကြောင်း မေးခဲ့သည်။

ရှန်းထင်ရွှမ်းက ပြော၏။ "ဟုတ်တယ် အဲ့ဒါလည်း ကျွန်မရဲ့ ဆိုင်ပဲ၊ ဒါပေမဲ့ ကန့်သတ်ထားသေးတာ၊ အနီးအနား ဧရိယာကိုပဲ ပို့ပေးနိုင်တာလို့

ကြားတယ်၊ နောက်တစ်လှမ်းတော့ ကျွန်မ မသိဘူး "

ပရိသတ်များ းစွာသည် မြောင်မြောင် သယ်ယူပို့ဆောင်ရေး၏ တရားဝင် WeChat အကောင့်သို့ တန်းသွားပြီးနောက် ပို့ဆောင်ခနည်းနည်း ထပ်တိုးပေးလျှင် ရှင်းယွမ်ရှန်အတွက် ပို့ဆောင်မှုဧရိယာကို ပိုတိုးချဲ့ပေးရန် တောင်းဆိုခဲ့သည်။

အိပ်ရာမဝင်ခင် ရှန်းထင်ရွှမ်းက မေးလိုက်၏။ "စနစ် မနက်ဖြန် တာဝန် ကဘာလဲ "

"Host ရဲ့ လွှမ်းမိုးမှုက ၁၀ရက်အတွင်း ငါးသန်းကျော်ရမှာပါ "

ရှန်းထင်ရွှမ်းက ထိုင်ပြီးနောက် ပြောလိုက်၏။ "လွှမ်းမိုးမှုလား၊ အဲ့ဒါကို ဘယ်လို တိုင်းတာလဲ၊ ပြီးတော့ ငါးသန်း၊ ပမာဏအများကြီးလိုပဲ "

"လက်ရှိတွက်ချက်မှုကတော့ Host ရဲ့ ရတနာဈေးဆိုင်၊ မြောင်မြောင် သယ်ယူပို့ဆောင်ရေးဆိုင်နဲ့ Weibo follower တွေအပေါ် အခြေခံထားပါ တယ်၊ ပရိသတ်အရေအတွက် အမြင့်ဆုံးတစ်ခုကို လွှမ်းမိုးမှုတန်ဖိုးအနေနဲ့ တွက်ချက်ဖို့ ရွေးထားပါတယ် "

ရှန်းထင်ရွှမ်းက သူမ၏ Weibo ကို ဖွင့်လိုက်ရာ ဖော်လိုဝါအရေအတွက် ၄ သန်းဖြစ်သည်။

"တစ်နည်းအားဖြင့် ၁၀ ရက်အတွင်းမှာ ငါက ဖော်လိုဝါ တစ်သန်းကျော် ထပ်ထည့်ရမှာပေါ့ "

"ဟုတ်တယ် အမှန်ပါပဲ "

ရှန်းထင်ရွှမ်းက မင်သက်သွားသည်။ ရိုးရိုးသားသားဆိုရလျှင် သူမသည် ထိုဖော်လိုဝါများ မည်သို့တက်လာမှန်းမသိပေ။ တိုက်ရိုက်ထုတ်လွှင့်မှုက ပရိသတ်များကို နေ့စဉ်နေ့တိုင်း တိုးလာစေသော်ငြား မည်သည့်အချိန်တွင်

တိုးလာကြောင်း မည်သည့်အချိန်တွင် တိုးလာကြောင်း မသိပေ။

ရှန်းထင်ရွှမ်းက Weibo ၌ post တစ်ခု တင်လိုက်သည်။

[အပင်စိုက်တဲ့အားရွှမ်း။ ငါ မမေးဘဲမနေနိုင်လို့၊ ဒီ Weibo မှာလေ ဖော်လိုဝါများများတိုးအောင် ဘယ်လိုလုပ်ရမလဲ။]

မကြာမီ၌ အင်တာနက်အသုံးပြုသူများက မှတ်ချက်ရေးလိုက်၏။

[ပရိသတ်ဝယ်။]

ရှန်းထင်ရွှမ်းသည် ထိုစာကြောင်းကို ဖတ်လိုက်ရာ စနစ်က တန်းငြင်းလိုက်တော့၏။

"ပရိသတ်ဝယ်တာက လိမ်တယ်လို့ သတ်မှတ်လို့ရတယ် တာဝန်ထဲမှာ ထည့်မတွက်ပါဘူး "

ရှန်းထင်ရွှမ်း။ " "

သူမက နောက်ထပ်မှတ်ချက်ကို ဆက်ဖတ်လိုက်၏။

[အားရွှမ်း Weiboမှာ ပို့စ် မကြာခဏတင်ရင် ပရိသတ်အရေအတွက် တက်လာလိမ့်မယ်။]

[စစ်မှန်တဲ့အကြံပြုချက်ပါ။ အားရွှမ်းရေ မင်းရဲ့သစ်သီးက သိပ်အရသာ ရှိတယ်။ Weibo ကို သုံးပြီး မဲနှိုက်ပေးမယ်ဆိုရင် လူတွေအများကြီးက မင်းကိုလာ follow ကြ လိမ့်မယ်။]

ရှန်းထင်ရွှမ်းက စနစ်ကို မေးလိုက်၏။ "ဒီနည်းလမ်းက အဆင်ပြေလား "

စနစ်။ "ပြေတယ် "

ထိုမှတ်ချက်အောက်ရှိ လူများစွာက စုမဲက ကြီးမားလွန်းလျှင် ဖော်လိုဝါများပိုပြီး ဆွဲဆောင်ခံရမည်ဟု ဆိုထားသည်။

ရှန်းထင်ရွှမ်းက တွေးတောနေစဉ် Weibo ပေါ်ရှိ သူမ၏ ပို့စ်၌ မှတ်ချက်များသည် တစ်သောင်းနီးပါး ရောက်နေပြီဖြစ်၏။

အချို့သော အင်တာနက်အသုံးပြုသူများသည် Weibo မဲနှိုက်ရမည့်နည်းလမ်းကို ရုပ်ပုံများဖြင့် ပြထား၏။ အားစိုက်ထုတ်မှုသက်သာစေရန် ရှန်းထင်ရွှမ်းက ထိုပုံများကို တိုက်ရိုက် မှတ်လိုက်တော့သည်။ ပြီးတော့ လမ်းညွှန်အတိုင်း မဲနှိုက်ရန် ပြင်ဆင်၏။

စနစ်။ "မနက်ဖြန်ထိမစောင့်တော့ဘူးလား "

ရှန်းထင်ရွှမ်း။ "ဒီတာဝန်ကို အနေးနဲ့အမြန် ထုတ်မှာပဲ၊ လွှမ်းမိုးမှုကို ငါးသန်းရောက်အောင် မြှင့်တင်နိုင်ခဲ့မယ်ဆိုရင် တာဝန်တွေ ပိုထပ်ထည့်နိုင်မှာပဲလေ "

စနစ်။ " " Host က ပိုပိုပြီး ကျွမ်းကျင်လာတာပဲ။

စာရေးသူမှာ ပြောစရာ ရှိပါတယ်။

ချင်ယွဲ့ကျီ။ ကိုယ်ရှင်းပြတာကို နားထောင်ဦး။

ရှန်းထင်ရွှမ်း။ အမ်း။ ချင်ယွဲ့ကျီ အဲ့ဒီအနံ့ကလေ တကယ်တော့

ရှန်းထင်ရွှမ်း။ အဲဒါက သိပ်လှတာပဲ။

ချင်ယွဲ့ကျီ။ ...

...

***